သားသမီးများ၏ အမွေဆက်ခံခွင့်အကြောင်း -
မြန်မာဗုဒ္ဓဘာသာဝင်များနှင့်သာ သက်ဆိုင်သည်။
မိဘများသည် ကွာရှင်းပြတ်စဲခဲ့ကြပြီးနောက် အဖအိုးအိမ် ၊ အမိအိုးအိမ်ဟူ၍ (၂)မျိုးဖြစ် ထွန်းလာပါသည်။
သာမန်အားဖြင့် အဖနှင့် နေထိုင်သော သားသမီးသည် အမိ၏ အမွေကိုဆက်ခံ ခွင့်မရှိပေ။ ထို့နည်းအတိုင်းပင်
အမိနှင့် နေထိုင်သော သားသမီးများသည် အဖ၏ အမွေ
ကို ဆက်ခံခွင့်မရှိပေ။
သားသမီးသည် သားသမီးတို့၏ ပြုဖွယ်ဝတ္တရားမပျက်
ဆောင်ရွက်ပြုမူခဲ့ကြောင်း ထင်ရှာမှသာလျှင် အမွေ
ဆက်ခံခွင့် ရှိပါသည်။ သို့သော် မိဘနှစ်ပါး ပြတ်စဲချိန်
တွင် သားသမီးမှာမူ ငယ်ရွယ်နုနယ်သဖြင့် ဖခင်အ
တွက် သားသမီးတို့ ဝတ္တရားကို ဆောင်ရွက်ခြင်း ပြု
နိုင်မည်မဟုတ်၍ ဖခင်သေဆုံးသောအခါ ထိုသားသမီး
သည် ဖခင်၏ ပစ္စည်းအပေါ် အမွေခံစားခွင့် ဆုံးရှုံးခြင်း
မရှိဘဲ ဖခင်၏ အခြား အမွေဆိုင် များနှင့် အခွင့်အရေး
တူညီစွာခံစားခွင့်ရှိကြောင်းကို မညိုနှင့် မငြိမ်းသာ (၃)၊
မသိန်းနှင့် မဖွါးသစ် (၄) တို့တွင်စီရင်ထုံးဖွဲ့ထားပါသည်။ ( ၁၉၆၆ မတစ ၁၄၄၄ )အမှုတွင် လင်မယားကွာရှင်းပြီး
နောက်မွေးဖွားသည့် သမီးဖြစ်သူသည် ငယ်ရွယ်နုနယ်
သဖြင့် ဖခင်အတွက် သားသမီးတို့ ဝတ္တရားကို ဆောင်
ရွက်ခြင်းမရှိသော်လည်း ဖခင်၏ အမအရင်း ဖြစ်သူ (၂)
ဦးနှင့် ယှဉ်၍ အမွေတစ်ဝက်ရထိုက်ခွင့်ရှိကြောင်းသုံး
သပ်ထားပါသည်။
အမိဖြစ်စေ ၊ အဖဖြစ်စေ သေဆုံးချိန်၌ ကျန်ရစ်သော သားသမီး -
သားဖြစ်လျှင် အကြီးဆုံး(၁၈)နှစ်ပြည့်ပြီးသူဩရသသား
ဖြစ်ပါက အဖသေဆုံးပြီးနောက် အမိထံမှ (၄)ပုံ (၁)အား အမွေတောင်းခံနိုင်သည်။
သမီးဖြစ်လျှင် အကြီးဆုံး(၁၈)နှစ်ပြည့်ပြီးသူဩရသမီး ဖြစ်
ပါက အမိသေဆုံးပြီးနောက် အဖထံမှ (၄)ပုံ (၁)အား
အမွေတောင်းခံနိုင်သည်။
ဩရသမဟုတ်သော ကျန်သားသမီးများအနေဖြင့် အမိအဖတစ်ဦးဦး ကွယ်လွန်ချိန်တွင် အမွေရခွင့် မရှိသေးဘဲ
ထို
ကျန်ရစ်သော အမိဖြစ်စေ ၊အဖဖြစ်စေ နောက်အိမ်ထောင်ပြုချိန်မှသာလျှင် အမွေ ခွဲဝေ ပေးရန်
တောင်းဆိုနိုင်မည်ဖြစ်
သည်။
ထိုသို့မတောင်းဆိုခဲ့ခြင်းမရှိလျှင် နောက်အိမ်ထောင်ပြုသော မိရင်းဖြစ်စေ ၊ ဖရင်းဖြစ်စေ သေဆုံးချိန်၌

အမွေတောင်းခံ
နိုင်သည်။
မိရင်း ၊ ဖရင်း သေဆုံးချိန်၌ တောင်းဆိုခဲ့ခြင်းမရှိလျှင်လည်း ၊ မိထွေး ၊ ပထွေးသေဆုံးချိန်တွင်
အမွေတောင်းခံနိုင်သေး
ကြောင်း အသိပေးအပ်ပါသည်။